## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၀၈၅ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်–

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – Ms. Wong, Alexandra Wun–Yee (Director) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | – Soleil Ribbon Limited<br>ဦးပိုင်အမှတ် (၂၀/၂၊ ၂၂၊ ၂၈/၁၊ ၂၈/၂၊ ၂၈/၃၊ ၂၈/၄၊ ၂၈/၅၊ ၂၈/၆၊ ၂၈/၇၊ ၂၈/၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)၊ i–land industrial Estate ၊ S–11၊ နောင်ကွမ်းကွင်း၊ ကွင်းအမှတ် (၁၃၉၃)၊ ဘောနတ်ကြီးကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။<br>ဖုန်း–၀၉ ၉၅၆၉၁၂၈၆၅၊ ၀၉ ၆၉၄၈၇၂၆၆၈ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – CMP စနစ်ဖြင့် ဖဲကြိုးများ၊ ဖဲပွင့်များနှင့် ဖဲနှင်းဆီပွင့်များ၊ အိတ်ငယ်များ၊ ချိတ်ပါသောကြိုးများ နှင့်မျှော့ကြိုးကွင်းများ ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | – အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – မြေဧရိယာ (၃.၂၃) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – ပဲခူးတိုင်းဒေသကြီး၊ ပဲခူး ခရိုင်၊ ပဲခူးမြို့နယ်၊ ဘောနတ်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၃၉၃)၊ နောင်ကွမ်းကွင်း၊ i–land industrial Easte ၊ S–11၊ ဦးပိုင်အမှတ် (၂၀/၂၊ ၂၂၊ ၂၈/၁၊ ၂၈/၂၊ ၂၈/၃၊ ၂၈/၄၊ ၂၈/၅၊ ၂၈/၆၊ ၂၈/၇၊ ၂၈/၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)။ |
| (ဆ) | ECC သက်တမ်း (၅)နှစ် | – စတင်ထုတ်ပေးရက် – ၂၃–၁၀–၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် – ၂၂–၁၀–၂၀၂၉ |
| (ဇ) | အတည်ပြုအစီရင်ခံစာ | – ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၁၇–၆–၂၀၂၄ ရက်စွဲပါ စာဖြင့် တင်ပြသည့် “ **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)**” |



၂၈.၁၁.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Soleil Ribbon Limited မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ဖဲကြိုးများ၊ ဖဲပွင့်များနှင့် ဖဲနှင်းဆီပွင့်များ၊ အိတ်ငယ်များ၊ ချိတ်ပါသော ကြိုးများနှင့် မျှော့ကြိုးကွင်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Soleil Ribbon Limited မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဘောနတ်ကြီးကျေးရွာ အုပ်စု၊ ကွင်းအမှတ် (၁၃၉၃)၊ နောင်ကွမ်းကွင်း၊ i-land Industrial Estate ၊ S-11၊ ဦးပိုင်အမှတ် (၂၁/၂၊ ၂၂၊ ၂၈/၁၊ ၂၈/၂၊ ၂၈/၃၊ ၂၈/၄၊ ၂၈/၅၊ ၂၈/၆၊ ၂၈/၇၊ ၂၈/၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)၊ မြေဧရိယာ (၃.၂၃) ဧက ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည့် CMP စနစ်ဖြင့် ဖဲကြိုးများ၊ ဖဲပွင့်များနှင့် ဖဲနှင်းဆီပွင့်များ၊ အိတ်ငယ်များ၊ ချိတ်ပါသောကြိုးများနှင့် မျှော့ကြိုးကွင်းများ ထုတ်လုပ်ခြင်းလုပ်ငန်း အတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၁၇-၆-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ (၁၈၆၀/ ၂၀၂၄) ဖြင့် တင်ပြခဲ့သည့် တတိယအဖွဲ့အစည်း Environment Service Collection Company Limited (ESC) မှ ရေးသားပြုစုသော အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate-ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Ms. Wong, Alexandra Wun-Yee ၊ Directon Soleil Ribbon Limited ၊ ဦးပိုင်အမှတ် (၂၁/၂၊ ၂၂၊ ၂၈/၁၊ ၂၈/၂၊ ၂၈/၃၊ ၂၈/၄၊ ၂၈/၅၊ ၂၈/၆၊ ၂၈/၇၊ ၂၈/၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)၊ i-land industrial Easte ၊ S-11၊ နောင်ကွမ်းကွင်း၊ ကွင်းအမှတ် (၁၃၉၃)၊ ဘောနတ်ကြီးကျေးရွာအုပ်စု၊ ပဲခူး မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဖုန်း-၀၉ ၉၅၆၉၁၂၈၆၅၊ ၀၉ ၆၉၄၈၇၂၆၆၈ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းတွင် စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့် အနေဖြင့် (၁) အော်ဒါလက်ခံခြင်း၊ (၂) နမူနာပုံစံထုတ်လုပ်ခြင်း၊ (၃) ကုန်ကြမ်းရယူခြင်း၊ (၄) ချည်ပြားများပြုလုပ်ရန် ချည်မျှင်အားယက်လုပ်ခြင်း၊ (၅) ချည်ပြားများပေါ်တွင် လိုအပ်သောဒီဇိုင်း များအား ချည်ထိုးခြင်းနှင့်ပန်းဖော်ခြင်း၊ (၆) ဆေးဆိုးခြင်း၊ (၇) လေမှုတ်အခြောက်ခံခြင်း၊ (၈) ပုံနှိပ်ခြင်း၊ (၉) ဖဲပြား၊ ပန်းပွင့်၊ အိတ်ငယ်၊ လက်ကိုင်အိတ်ကြိုးများ လုပ်ဆောင်ခြင်း၊ (၁၀) အရည်အသွေး စစ်ဆေးခြင်းနှင့် ပါကင်ထုပ်ပိုးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းတွင် ချည်မျှင်အပါအဝင် ကုန်ကြမ်းပစ္စည်း (၁၈) မျိုးအား တရုတ်၊ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံမှ ဝယ်ယူတင်သွင်း အသုံးပြုမည်ဖြစ်ကြောင်း၊ ကုန်ချောပစ္စည်းများအား တစ်နှစ်လျှင် စုစုပေါင်းအရေအတွက် (၄၇,၀၀၀) ကီလိုဂရမ်ခန့် ထုတ်လုပ်၍ ဂျပန်၊ ဥရောပ၊ ဟောင်ကောင်၊ အမေရိကန်၊ အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ စင်္ကာပူနှင့် ကိုရီးယားနိုင်ငံများသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း၊ စီမံကိန်း အတွက်လိုအပ်သော လျှပ်စစ်ဓာတ်အားကို i-Land Park Myanmar Limited မှ ရယူသုံးစွဲမည်ဖြစ်ပြီး

လျှပ်စစ်မီးပြတ်တောက်ပါက ဒီဇယ်အင်ဂျင်သုံး (၂၅၀ KW နှင့် ၂၀၀ KW) ဂျင်နရေတာ (၂) လုံးဖြင့် အားဖြည့်အသုံးပြုမည်ဖြစ်ကြောင်း၊ တစ်ပတ်လျှင် ဒီဇယ်ဆီဂါလန် (၁,၆၀၀) ခန့် အသုံးပြုမည်ဖြစ်ကြောင်း၊ လုပ်ငန်းလည်ပတ်ရန်အတွက် ပြည်တွင်းဝန်ထမ်း (၄၃၂) ဦးနှင့် ပြည်ပဝန်ထမ်း (၈) ဦး စုစုပေါင်း ဝန်ထမ်းအင်အား (၄၄၀) ဦးဖြင့် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ အလုပ်ချိန် တစ်ရက်လျှင် (၈) နာရီဖြင့် တစ်နှစ်လျှင် (၂၈၈) ရက် လုပ်ငန်းလည်ပတ်မည်ဖြစ်ကြောင်း၊ လုပ်ငန်းသုံးရန်၊ ဝန်ထမ်းများ အသုံးပြုရန်နှင့် မီးငြိမ်းသတ်ရန်အတွက် လိုအပ်သောရေအား i-Land Park Myanmar Limited မှ ရယူသုံးစွဲမည်ဖြစ်ပြီး လစဉ်စုစုပေါင်း ရေဂါလန် (၁၀၀,၀၀၀) ခန့်သုံးစွဲမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ သောက်သုံးရေအတွက် (FDA) အသိအမှတ်ပြုလက်မှတ်ရ ရေသန့်ဘူးများ မှာယူအသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဘောနတ်ကြီးကျေးရွာ အုပ်စု၊ ကွင်းအမှတ် (၁၃၉၃)၊ နောင်ကွမ်းကွင်း၊ i-land industrial Estate ၊ S-11၊ ဦးပိုင်အမှတ် (၂၁/၂၊ ၂၂၊ ၂၈/၁၊ ၂၈/၂၊ ၂၈/၃၊ ၂၈/၄၊ ၂၈/၅၊ ၂၈/၆၊ ၂၈/၇၊ ၂၈/၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)၊ မြေဧရိယာ (၃.၂၃) ဧက ပေါ်တွင် တည်ရှိပါသည်။


**Soleil Ribbon Limited မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ဖဲကြိုးများ၊ ဖဲပွင့်များနှင့် ဖဲနှင်းဆီပွင့်များ၊ အိတ်ငယ်များ၊ ချိတ်ပါသော ကြိုးများနှင့် မျှော့ကြိုးကွင်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**




**Legend**


Soleil Ribbon Limited

**Soleil Ribbon Limited မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ဖဲကြိုးများ၊ ဖဲပွင့်များနှင့် ဖဲနှင်းဆီပွင့်များ၊ အိတ်ငယ်များ၊ ချိတ်ပါသော ကြိုးများနှင့် မျှော့ကြိုးကွင်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan**





**Soleil Ribbon Limited မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် ဖဲကြိုးများ၊ ဖဲပွင့်များနှင့် ဖဲနှင်းဆီပွင့်များ၊ အိတ်ငယ်များ၊ ချိတ်ပါသော ကြိုးများနှင့် ဖျော့ကြိုးကွင်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၏ Process Flow Chart**



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူသည် Soleil Ribbon Limited မှ CMP စနစ်ဖြင့် ဖဲကြိုးများ၊ ဖဲပွင့်များနှင့် ဖဲနှင်းဆီပွင့်များ၊ အိတ်ငယ်များ၊ ချိတ်ပါသောကြိုးများနှင့် ဖျော့ကြိုးကွင်းများ ထုတ်လုပ်ခြင်းလုပ်ငန်း အတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၁၇-၆-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ (၁၈၆၀/ ၂၀၂၄) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းတွင် စီမံကိန်းဆောင်ရွက်ပုံ အဆင့်ဆင့်အနေဖြင့် (၁) အော်ဒါလက်ခံခြင်း၊ (၂) နမူနာပုံစံထုတ်လုပ်ခြင်း၊ (၃) ကုန်ကြမ်းရယူခြင်း၊ (၄) ချည်ပြားများပြုလုပ်ရန် ချည်မျှင်အားယက်လုပ်ခြင်း၊ (၅) ချည်ပြားများပေါ်တွင် လိုအပ်သောဒီဇိုင်းများအား ချည်ထိုးခြင်းနှင့်ပန်းဖော်ခြင်း၊ (၆) ဆေးဆိုးခြင်း၊ (၇) လေမှုတ်အခြောက်ခံခြင်း၊ (၈) ပုံနှိပ်ခြင်း၊ (၉) ဖဲပြား၊ ပန်းပွင့်၊ အိတ်ငယ်၊ လက်ကိုင်အိတ်ကြိုးများ လုပ်ဆောင်ခြင်း၊ (၁၀) အရည်အသွေးစစ်ဆေးခြင်းနှင့် ပါကင် ထုပ်ပိုးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်သားများအတွက် နှာခေါင်းစည်းများ အလုံအလောက်စီစဉ်ထားရှိရန်၊

(၂) လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် အမှုန်အမွှားစုပ်စက် အသုံးပြုရန်၊

(၃) လေစုပ်ပန်ကာ/ လေမှုတ်ပန်ကာများ တပ်ဆင်ထားရှိရန်၊

(၄) ကုန်တင်ယာဉ်၊ ဒီဇယ်မီးစက်များအား ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊

(၅) အိတ်ဇောသန့်စင်စက်၊ လေစစ်ဇကာ တပ်ဆင်အသုံးပြုရန်၊

(၆) ဘွိုင်လာမှ ပြာလွင့်ထွက်မှုမရှိစေရန် ရေခံခွက်သို့ လေစုပ်ပိုက်လိုင်းမှတစ်ဆင့် ဖြတ်သန်းစေ၍ အစိုင်အခဲအနှစ်ပုံစံအဖြစ် စုဆောင်းရန်၊

(၇) အမှုန်ထုတ်လွှတ်မှု တိုင်းတာသည့် ကိရိယာတပ်ဆင်ထားရှိရန်၊

(၈) လုပ်ငန်းသုံးယာဉ်များနှင့် စက်ပစ္စည်းများ ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊

(၉) စီမံကိန်းဧရိယာအတွင်း ယာဉ်သုံးစွဲမှုအနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ရန်၊

(၁၀) အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုရန်၊

(၁၁) လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် လုပ်ငန်းခွင်အတွင်း ပုံမှန်ရေဖျန်းရန်၊

(၁၂) စီမံကိန်းဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ရန်၊

(၁၃) လေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေအရည်အသွေးဆိုးရွားမှုလျော့နည်းစေရေးအတွက် ရေအလေအလွင့်မရှိစေရန် ပိုက်လိုင်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊

(၂) ရေနုတ်မြောင်းများအတွင်းသို့ စွန့်ပစ်ပစ္စည်းများမကျရောက်စေရေးအတွက် အကာအကွယ်များ ပြုလုပ်ထားရှိရန်၊

(၃) စီမံကိန်းမှ ထွက်ရှိလာသော စွန့်ပစ်ရေများကို စွန့်ပစ်ရေသန့်စင်ကန်သို့ ဖြတ်သန်းစေ၍ စနစ်တကျသန့်စင်ပြီးမှ စက်မှုဇုန်ရေနုတ်မြောင်းအတွင်းသို့ စွန့်ပစ်ရန်၊

(၄) Septic Tank များအတွင်းမှ ကျန်ရှိနေသော စွန့်ပစ်အနည်အနှစ်များ၊ အရည်များကို ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်စွန့်ပစ်ရန်၊

(၅) i – Land Park Myanmar သို့ သီးခြားပိုက်လိုင်းသွယ်တန်း၍ Electro Contaminant Remonal (ECR) စနစ်ဖြင့် ပြုပြင်သန့်စင်ပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ်ရန်၊

(၆) မြေအောက်ရေထုတ်ယူသုံးစွဲမှုအား တတ်နိုင်သမျှလျှော့ချခြင်းနှင့် မိုးရေစုဆောင်းအသုံးပြုခြင်းတို့ကို ဆောင်ရွက်ရန်၊

(၇) ရေမီတာတပ်ဆင်ထားပြီး ရေသုံးစွဲမှုမှတ်တမ်းများကို မှတ်တမ်းတင်ထားရှိရန်၊

(၈) စွန့်ပစ်ရေအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအချက်အလက်များအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ပစ္စည်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၂) ဆူညံသံထွက်ရှိနိုင်သည့် မီးစက်အခန်းအား အသံလုံအခန်းတည်ဆောက်၍ ထားရှိရန်၊

(၃) ဆူညံသံစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထုတ်ကုန်အားလုံးကို သင့်လျော်သော ပြန်လည်အသုံးပြုမှုခြင်း၊ ပြန်လည်ဖြန့်ဖြူးရောင်းချနိုင်သော ဆက်စပ်ပစ္စည်းများ (ရေမော်တာ၊ မီးစက်၊ ရေပိုက်လိုင်းများ၊ ဒီဇယ်တိုင်ကီ သို့မဟုတ် အခြားအသုံးပြုထားသော ပစ္စည်းများကို ပြန်လည်ဝယ်ယူသူထံရောင်းချခြင်း (သို့မဟုတ်) စွန့်ပစ်ခြင်းအတွက် လေလံခေါ်ယူ၍ ပေးပို့ခြင်းတို့ ဆောင်ရွက်ရန်၊

(၂) အမှိုက်များ၊ ပိတ်ဖြတ်စများ၊ အပိုပစ္စည်းများကို သေချာစွာစုဆောင်း၍ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် သတ်မှတ်ထားသော နေရာများတွင် စွန့်ပစ်ရန်၊

(၃) လုပ်ငန်းခွင်အတွင်း ပုံမှန်သန့်ရှင်းရေးပြုလုပ်ရန်၊

(၄) နိုင်လွန်အထည်ဖြတ်စ၊ ပိတ်လိပ်ဖြတ်စများကို အမှိုက်အိတ်များဖြင့် တစ်နေရာတည်းတွင် စုစည်းထားရှိရန်၊

(၅) စွန့်ပစ်အမှိုက်အိတ်များကို စနစ်တကျ ထုပ်ပိုးသိမ်းဆည်း၍ စွန့်ပစ်ရန်၊

(၆) စွန့်ပစ်အမှိုက်များ စုဆောင်းသူများထံသို့ ပြန်လည်ရောင်းချသွားရန်၊

(၇) အမှိုက်ပုံးများ လုံလောက်စွာထားရှိရန်၊

(၈) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဆ) **ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဓာတုပစ္စည်းထည့်ထားသည့် ပုံးခွံများ၊ ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ ဝါယာကြိုးဟောင်းများ၊ မီးသီး၊ မီးချောင်းပျက်များ လဲလှယ်ခြင်း၊ ပိုက်လိုင်းများပြုပြင်ခြင်း၊ စက်ပစ္စည်းများပြုပြင်ခြင်းနှင့် အရန်ဒီဇယ်ဆီ၊ ဓာတ်ဆီတို့ကို စနစ်တကျ သိုလှောင်ထားရှိခြင်းတို့ ဆောင်ရွက်ရန်၊

(၂) ဒီဇယ်ဆီဟောင်း၊ အင်ဂျင်ဝိုင်ဟောင်းများနှင့် အင်ဂျင်ဝိုင်ဘူးများအား ခွဲခြားကန့်သတ်ထားရန်၊

(၃) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို သေချာစွာစုဆောင်း၍ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် သတ်မှတ်ထားသော အမှိုက်စွန့်ပစ်ရာနေရာတွင် စွန့်ပစ်ရန်။

(ဇ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ပစ္စည်းများ အလွယ်တကူသယ်ယူနိုင်ရေးအတွက် အထောက်အကူပြုသယ်ဆောင်ရေးကိရိယာအား အသုံးပြုရန်၊

(၂) အပူချိန်များသော နေရာများနှင့် စက်ယန္တရားများ လည်ပတ်ရာနေရာတွင် လေဝင်လေထွက် ကောင်းမွန်စေရေးအတွက် လေမှုတ်ပန်ကာများနှင့် လေစုပ်ပန်ကာများ တပ်ဆင်ရန်၊

(၃) စက်ယန္တရားများ လည်ပတ်ရာနေရာတွင် လုံခြုံရေးအကာအကွယ်များ တပ်ဆင်ထားရှိရန်၊

(၄) စက်ယန္တရား၏ အစိတ်အပိုင်းများကို စနစ်တကျ တပ်ဆင်ရန်၊

(၅) စက်စတင်အသုံးမပြုမီ စက်၏ လျှပ်စစ်ကြိုးများကို ပေါက်ပြဲပျက်စီးနေလျှင် ပြုပြင်လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၆) စက်ယန္တရားများကို ကျွမ်းကျင်ဝန်ထမ်းများသာလျှင် ကိုင်တွယ်အသုံးပြုရန်၊

(၇) စက်ယန္တရားများတွင် စက်လည်ပတ်မှုအရေးပေါ် ရပ်နားသည့် ခလုတ်စနစ်များကို အလွယ်တကူမြင်နိုင်သည့် နေရာတွင် တပ်ဆင်ထားရှိရန်၊

(၈) ထိခိုက်ပွန်းရှနိုင်သည့် ပစ္စည်းများ ကိုင်တွယ်ရာတွင် လက်အိတ်အသုံးပြုရန်၊

(၉) လက်ဆေးဘေစင်များ လုပ်ငန်းခွင်အနီးတွင် လုံလောက်စွာထားရှိရန်၊

(၁၀) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရှိရန်၊

(၁၁) ကူးစက်ရောဂါကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၁၂) လုပ်ငန်းခွင်အတွင်းတွင် အရေးပေါ်ဆေးသေတ္တာထားရှိရန်၊

(၁၃) လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများ အသုံးပြုနိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPEs) များ ထောက်ပံ့ပေးရန်၊

(၁၄) ယာယီယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်ထားရှိရန်၊

(၁၅) အခြေခံရှေးဦးသူနာပြုသင်တန်း၊ ဝန်ထမ်းများအတွက် ကျန်းမာရေးစစ်ဆေးမှုနှင့် အခြေခံကျန်းမာရေးအသိပညာပေးဟောပြောပွဲများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ တစ်နှစ်လျှင် (၁) ကြိမ် သင်တန်းပို့ချပေးရန်၊

(၁၆) လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများအတွက် သောက်သုံးရေလုံလောက်စွာထားရှိရန်။

(ဈ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အန္တရာယ်ကင်းရှင်းစေရေးအတွက် အဆောက်အဦများတွင် တပ်ဆင်ထားသော မျက်နှာကျက်များ၊ ဗီရိုများအား ခိုင်မာစေရန် စနစ်တကျ ပြုလုပ်ထားရှိခြင်း၊ ပြိုကျနိုင်သောနေရာများတွင် လူနှင့်ပစ္စည်းများ မထားရှိခြင်းနှင့် မီးလိုင်းများအလွယ်တကူ ဖြတ်တောက်နိုင်ရန် စီစဉ်ထားရှိခြင်းတို့ ဆောင်ရွက်ရန်၊

(၂) အရေးပေါ်ဖြစ်ပေါ်လာပါက လက်နှိပ်ဓါတ်မီး၊ ဓါတ်ခဲ၊ ဖုန်းများ၊ ဖယောင်းတိုင်၊ ဆေးဝါး၊ သောက်သုံးရေအလွယ်တကူရရှိရန် ရေပုံးများ စသည်တို့အား ကြိုတင်စီမံထားရှိရန်၊

(၃) ဝန်ထမ်းများအား မြေငလျင်လှုပ်ပါက အဆောက်အဦအတွင်းရှိနေစဉ် ပြင်ပသို့ ထွက်ခွာနိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းတို့အားဆောင်ရွက်ရန်၊

(၄) ညအချိန်တွင် ဖြစ်ပွားခဲ့ပါက သိရှိနိုင်ရန်အတွက် အရေးပေါ်အချက်ပြမီးစနစ်များ သတ်မှတ်ပေးရန်၊

(၅) စီမံကိန်းဧရိယာအတွင်းရှိ အဆောက်အဦများတွင် မိုးကြိုးလွှဲများ တပ်ဆင်ထားရှိရန်၊

(၆) သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောပစ္စည်းများ ကြိုတင်စုဆောင်း ထားရှိရန်၊

(၇) ရေဒီယိုသတင်းများနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ နားထောင်၍ အထက်ဌာနများ၏ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်၊

(၈) အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက သတ်မှတ်နေရာများသို့ သွားလာရလွယ်ကူ၍ အခက်အခဲမရှိစေရန် အတားအဆီးများအား ရှင်းလင်းထားရှိရန်၊

(၉) ဆေးဝါးများ၊ ရေများအား ကြိုတင်ပြင်ဆင်၍ သိုလှောင်ထားရှိရန်၊

(၁၀) မီးသတ်ဦးစီးဌာန၏ Fire Safety Certificate ပါ အချက်အလက်များကို လိုက်နာဆောင်ရွက်ရန်၊

(၁၁) အခြေခံမီးသတ်သင်တန်းအား မီးသတ်ဦးစီးဌာနမှ တစ်နှစ်လျှင် (၁) ကြိမ် သင်တန်းပို့ချပေးရန်၊

(၁၂) အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ခြင်းသင်တန်းနှင့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးသင်တန်းတို့အား ဘေးအန္တရာယ်ကင်းရှင်းရေး ပညာရှင် အဖွဲ့မှ တစ်နှစ်လျှင် (၁) ကြိမ် သင်တန်းပို့ချပေးရန်၊

(၁၃) လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန်အတွက် ဝန်ထမ်းများအား ကျွမ်းကျင်ပညာရှင် များမှ လေ့ကျင့်သင်ကြားပေးခြင်း၊ လုပ်ငန်းခွင်ကာကွယ်ရေးပစ္စည်းများ ဝတ်ဆင်၍ လုပ်ငန်းခွင်သို့ ဝင်ရောက်စေခြင်း၊ အရေးပေါ်ကာကွယ်ရေးစီမံချက်၊ မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များ ရေးဆွဲ၍ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ရန်။

(ည) **ဓာတုပစ္စည်းကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်းဆိုင်ရာစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သတ်မှတ်ထားသည့် အမျိုးအမည်မရှိသော ဓာတုပစ္စည်းများ သိုလှောင်ခြင်းအား ရှောင်ကြဉ်ရန်၊

(၂) စီမံကိန်းအနေဖြင့် သက်ဆိုင်ရာဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ စတင်လုပ်ကိုင်ခြင်းမပြုမီ လိုင်စင်ရရှိသူမှ လိုက်နာရမည့်သတ်မှတ် ချက်များအား လိုက်နာဆောင်ရွက်ရန်၊

(၃) ထူးခြားသော အခြေအနေဖြစ်ပေါ်လာပါက အလွယ်တကူဆက်သွယ်အသုံးပြု နိုင်ရန် တယ်လီဖုန်းအား အရေးပေါ်ထွက်ပေါက်တွင် ထားရှိရန်၊

(၄) လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသူများကို ဓာတုပစ္စည်းများ သုံးစွဲခြင်း နည်းလမ်းများ၊ သိုလှောင်မှုစနစ်များအား အသိပညာပေးခြင်းနှင့် သင်တန်းများ ပို့ချပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၅) ဓာတုပစ္စည်းများထားရှိရာနေရာအောက်ခြေတွင် အောက်ခံခွက် ပြုလုပ်ပြီး သဲများခင်းထားရန်၊

(၆) သိုလှောင်ရာပုံးများ၊ အိတ်များကို စနစ်တကျသိုလှောင်ထားရှိရန်နှင့် အဖုံးများ လုံအောင်ပိတ်ထားရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်ပတ်သက်၍ စီမံကိန်းဧရိယာအတွင်း တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၂) ရေအရည်အသွေးနှင့်ပတ်သက်၍ စက်ရုံဧရိယာအတွင်း တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၃) ဆူညံသံနှင့်ပတ်သက်၍ စက်ရုံဧရိယာအတွင်း တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၄) မီးဘေးအန္တရာယ်နှင့် လုပ်ငန်းခွင်ကျန်းမာရေးတို့အတွက် တစ်နှစ်လျှင် (၁) ကြိမ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်။

(ဌ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေ (၂၂,၀၀၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလည်ပတ်ခြင်းကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေ (၃,၉၀၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းဖျက်သိမ်းခြင်းကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေ (၆,၀၀၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) စီမံကိန်းဖျက်သိမ်းခြင်းကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေ (၄,၀၀၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) လုပ်ငန်းစုစုပေါင်းအမြတ်ငွေ၏ (၂) % ဖြစ်သော (၂,၅၀၀,၀၀၀) ကျပ်အား ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားတိုးတက်ရေးအတွက် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသား အဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှောင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း တို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှု စနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှုလျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3 Rs စနစ်ဖြင့် စီမံဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄၊ ၁၅ နှင့် ၁၆ တို့အရ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင် အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရန်၊ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်း သို့မဟုတ် ပိုင်ရှင်ဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာစုပေါင်း အစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်း ထည့်ဝင်၍ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှု ကုန်ကျစရိတ်ကို ထည့်ဝင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံ အဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာ ဆောင်ရွက်ရန်၊

(၃) လေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ အပိုဒ် (၁.၁) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

ሁ

(၄) စွန့်ပစ်ရေ အရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ အပိုဒ် (၁.၂) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းလုပ်ငန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၆) စီမံကိန်းလုပ်ငန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ အကြောင်းကြားရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန်

ແ

သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြ ရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက် ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆို ပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက် သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက် ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော် တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်း ချက်များ ဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်

ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံ အဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်း နှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့်

သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက် မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား

ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဃ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့်စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုး

ပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---